COMMUNITY FOUNDATION
OF GREATER FORT WAYNE

# RISING TOGETHER

## စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ

555 E Wayne St
Fort Wayne, IN 46802
PH: 260-426-4083
www.cfgfw.org

Updated November 2025

## မာတိကာ


| | |
|---|---|
| Rising Together ခြုံငုံသုံးသပ်ချက် | ၂ |
| Rising Together Grant လျှောက်လွှာ ခြုံငုံချက် | ၂ |
| Rising Together Grant လျှောက်ထားခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ပြင်ဆင်မှု | ၃ |
| အမေးများသော မေးခွန်းများ | ၉ |
| ဆက်သွယ်ရန် | ၁၁ |


## Rising Together Grant ရန်ပုံငွေများ

Rising Together Grant ရန်ပုံငွေများသည် Greater Fort Wayne ၏ ကွန်မြူနတီ ဖောင်ဒေးရှင်းမှ ကျွန်ုပ်တို့၏ ထောက်ပံ့ငွေကို ကျွန်ုပ်တို့၏ မဟာဗျူဟာအမြင်နှင့် တသားထည်းကျစေရန် ဆောင်ရွက်ခဲ့မှု၏ ရလဒ်ဖြစ်သည်။ ဤဖောင်ဒေးရှင်းသည် အကြောင်းပြချက် သုံးခုဖြင့် ၎င်း၏ ထောက်ပံ့မှု ပုံစံကို ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည်။

**၁။ လူမှုအသိုင်းအဝိုင်းကို ထောက်ပံ့ငွေ ပေးအပ်ခြင်းတွင် မိမိတို့၏ ချဉ်းကပ်မှုသည် 'နိုးထကြလော့!'ဆိုသည့်ဆောင်ပုဒ် မျှော်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်မှသာ အကြီးမားဆုံးအကျိုးသက်ရောက်မှု ဖြစ်စေမည်ဟု ဤကွန်မြူနတီ ဖောင်ဒေးရှင်းက ယုံကြည်သည်။**




**၂။ ဤကွန်မြူနတီဖောင်ဒေးရှင်း အနေဖြင့် ၎င်း၏ ထောက်ပံ့ကြေး ပေးခြင်းသည် Greater Fort Wayne ကွန်မြူနတီ ဖောင်ဒေးရှင်း၏ တန်ဖိုးများကို ထင်ရှား အသက်ဝင် စေမည်ဟု ယုံကြည်သည်-**

- **ချိတ်ဆက်မှု**- ကျွန်ုပ်တို့နှင့်အတူ လက်တွဲ လုပ်ဆောင်နေသူ တစ်ဦးစီနှင့် ခိုင်မာပြီး အဓိပ္ပါယ်ရှိသော ဆက်ဆံရေးကို မွေးမြူရန် တွန်းအားပေးပါသည်။
- **သာတူညီမျှမှု**- အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို သာတူညီမျှ ဝင်ရောက်ခွင့် ပေးကာ တစ်ဦးချင်းနှင့် အဖွဲ့အစည်း တစ်ခုစီ၏ ထူးခြားသော လိုအပ်ချက်များကို ဂုဏ်ပြုရန် ကျွန်ုပ်တို့ ကြိုးပမ်းပါသည်။
- **သက်ရောက်မှု**- ဆုံးဖြတ်ချက် တစ်ခုစီသည် ကျွန်ုပ်တို့အား အပြုသဘော ဆောင်ပြီး ရေရှည် တည်တံ့သော အပြောင်း အလဲဆီသို့ ရွေ့လျားစေကာ တိုးတက်မှုကို အားပေးပြီး ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းကို ရှေ့သို့ ရောက်အောင် တွန်းအား ပေးသည်။

[Type here]

• **သမာဓိ-** ကျွန်ုပ်တို့နှင့် ပါဝင်ပတ်သက် သူများသည် ၎င်းတို့၏ အရင်းအမြစ်များ အတွက် ကျွန်ုပ်တို့ကို အမြဲတစေ ယုံကြည် စိတ်ချမှု ရှိသည်။ ကျွန်ုပ်တို့သည် အလှူရှင်များ၏ ရည်ရွယ်ချက်ကို လေးစားပြီး ကျွန်ုပ်တို့၏ ရပ်ရွာ၏ လိုအပ်ချက်များကို အလေးထား လုပ်ဆောင်ပါသည်။

• **စိတ်အားထက်သန်မှု-** ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကို ချစ်သောကြောင့် စိတ်အား ထက်သန်မှုနှင့် စေတနာဖြင့် ကျွန်ုပ်တို့၏ အလုပ်ကို ဆက်လက် လုပ်ဆောင်ပါသည်။

## ၃။ ကွန်မြူနတီဖောင်ဒေးရှင်းသည် ၎င်း၏ ထောက်ပံ့သူများ အတွက် အတားအဆီးများကို ဖယ်ရှားရန်နှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးများ ဖန်တီးရန် ကြိုးပမ်းသည်။

Greater Fort Wayne ၏ ကွန်မြူနတီဖောင်ဒေးရှင်းသည် စနစ်ကျသော စိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်း တစ်ခုလုံးကို မြှင့်တင်ရန် အတွက် အယ်လန်ကောင်တီရှိ အကျိုးအမြတ် မယူသော အဖွဲ့အစည်းများ၊ ရပ်ရွာ ခေါင်းဆောင်များ နှင့်အတူ လုပ်ဆောင်ရန် နည်းလမ်း ရှာဖွေနေပါသည်။

---

# *Rising Together* ခြုံငုံသုံးသပ်ချက်

---

## Rising Together အဆင့်မြင့် ထောက်ပံ့ကြေးများ

Rising Together Grant ရန်ပုံငွေများသည် အကျိုးအမြတ် မယူသော အဖွဲ့အစည်း များအား ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှု များကို ထောက်ပံ့ရန် ပေးအပ်သည်။ ဤကန့်သတ် မထားသော ထောက်ပံ့ငွေများသည် အဖွဲ့အစည်းအား ၎င်းရွေးချယ်သည့် နည်းလမ်းဖြင့် ရန်ပုံငွေ ပေးနိုင်သည်။ ဤကွန်မြူနတီဖောင်ဒေးရှင်းတွင် ကျွန်ုပ်တို့၏ 'နိုးထကြလော့!' ဆိုသည့် မျှော်မှန်းချက် နှင့် ကိုက်ညီသော ထောက်ပံ့ကြေး စက်ဝန်းငါးခုရှိသည်။ ကျေးဇူးပြု၍ သင့်အဖွဲ့အစည်းနှင့် အနီးစပ်ဆုံး ကိုက်ညီသော မဏ္ဍိုင်ကို လျှောက်ထားပါ။ မဏ္ဍိုင်တစ်ခုစီ၏ ဖော်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ မည်သည့် အကြောင်းအရာ ရွေးချယ် ရမည်ကို မသေချာပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။ ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။

**ချိတ်ဆက်ထားသော အသိုင်းအဝိုင်း**

ချို့ငဲ့သူများအတွက် ရပ်တည်ပေးခြင်း၊ ဂုဏ်ယူစိတ် မွေးမြူစေခြင်းနှင့် မိမိရပ်ရွာ လူမှုအသိုင်းအဝိုင်းကို မြတ်နိုး တန်ဖိုးထားမှု ဖန်တီးရန် တဦးနှင့်တဦး ဆက်ဆံရေး တည်ဆောက်ခြင်းဖြင့် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းအတွင်း အပြောင်းအလဲကို ဖော်ဆောင် ပေးနိုင်ခြင်း။ ဤအမျိုးအစားနှင့် ကိုက်ညီနိုင်သည့် အုပ်စုများ၏ ဥပမာများမှာ အနုပညာ၊ သယ်ယူ ပို့ဆောင်ရေး၊ တိရစ္ဆာန် အခွင့်အရေးနှင့် ကျန်းမာရေး အခြေအနေ သို့မဟုတ် တစုံတရာ ချို့ယွင်းနေသူများကို ပံ့ပိုးပေးသည့် အဖွဲ့များဖြစ်သည်။

**လူတိုင်း၏ စီးပွားရေး**

နိုင်ငံသားတိုင်း အနေဖြင့် ကိုယ်မျှော်မှန်းသည့် အတိုင်း အမြင့်သို့ တက်လှမ်းနိုင်စေရန်နှင့် ပြည့်စုံ ကုံလုံမှုကို တိုးမြှင့်ပေးနိုင်သည့် အခွင့်အလမ်းရှိပြီး ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင် ပေါက်မြောက် စေရန် အားပေးနိုင်သည့် စီးပွားရေး အခြေအနေ တရပ်ကို ဖန်တီး ပေးနိုင်ခြင်း။ ဤအမျိုးအစားနှင့် ကိုက်ညီနိုင်သည့် အုပ်စုများ၏ ဥပမာများမှာ လုပ်သားထု ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာနှင့် အခြေခံ လိုအပ်ချက်များ ဖြစ်သည်။

[Type here]

**တစ်သက်တာ သင်ယူမှု**

လူအများ တိုးတက်  ပေါက်မြောက်လာစေရန်၊ ကျွန်ုပ်တို့၏ လုပ်သားထုကို အားကောင်းစေပြီး ခံနိုင်ရည်ရှိမှုကို တိုးမြင့်စေသည့် တစ်သက်တာ သင်ယူမှု ယဉ်ကျေးမှုကို တည်ဆောက်ခြင်း။ ဤအမျိုးအစားနှင့် ကိုက်ညီနိုင်သည့် အုပ်စုများ၏ ဥပမာများမှာ ပညာရေး၊ ကျောင်းချိန်ပြင်ပ အစီအစဉ်များနှင့် အရွယ်ရောက်ပြီးသူများ သင်ယူမှုတို့ ဖြစ်သည်။

**စိတ်အားထက်သန်စရာ နေရာများ**

လက်ရှိ နေထိုင်သူများနှင့် လာရောက်သည့် ဧည့်သည်များကို ထိတွေ့ ဆက်ဆံရန်၊ ချိတ်ဆက်ရန်နှင့် ခွန်အားဖြစ်စေသော နေရာများ ပါရှိသော အသိုင်းအဝိုင်းကို ဖန်တီးခြင်း။ ဤအမျိုးအစားနှင့် ကိုက်ညီနိုင်သည့် အုပ်စုများ၏ ဥပမာများမှာ အနုပညာ၊ ပတ်ဝန်းကျင်နှင့် ရပ်ရွာ ဖွံ့ဖြိုး တိုးတက်ရေးတို့ ဖြစ်သည်။

**ကျန်းမာသောစိတ်နှင့် ခန္ဓာကိုယ်**

ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းရှိ လူတိုင်းကို ၎င်းတို့၏ အမြင့်ဆုံး အလားအလာသို့ ရောက်ရှိရန် ကိရိယာများနှင့် အရင်းအမြစ်များကို ရယူခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းမှုကို ခံစားနိုင်ရန် ကူညီပေးခြင်း။ ဤအမျိုးအစားနှင့် ကိုက်ညီနိုင်သည့် အုပ်စုများ၏ ဥပမာများမှာ ကျန်းမာရေး စောင့်ရှောက်မှု၊ စိတ်ကျန်းမာရေး၊ အစားအသောက်နှင့် ကြံ့ခိုင်မှုနှင့် အခြေခံ လိုအပ်ချက်များဖြစ်သည်။

---

## *Rising Together Grant* လျှောက်လွှာ ခြုံငုံချက်

---

ဆုံးဖြတ်ချက် ချခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်သည် လျှောက်လွှာ တင်သည့်နေ့မှ သုံးလကြာမည်ဖြစ်သည်။ Pillar Strategic ရန်ပုံငွေကော်မတီ သည် ကျွန်ုပ်တို့၏ 'နိုးထကြလော့!' ဆိုသည့် ရှေ့မျှော်မှန်းချက်နှင့် ချိတ်ဆက် ထားသော ထောက်ပံ့ကြေး လျှောက်လွှာများကို ၅ ကြိမ်တိုင် ပြန်လည်သုံးသပ်ပြီး အကဲဖြတ်ပါမည်။ ထို့နောက် ကော်မတီများသည် ဒါရိုက်တာ ဘုတ်အဖွဲ့ထံ အပြီးသတ် အတည်ပြုချက် ရယူမည် ဖြစ်သည်။

Rising Together Grant ရန်ပုံငွေများသည် အကျိုးအမြတ် မယူသော အဖွဲ့အစည်းများကို ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှု များကို ထောက်ပံ့ရန် ပေးအပ်သည်။ ဤကန့်သတ် မထားသော ထောက်ပံ့ငွေများသည် အဖွဲ့အစည်းအား ၎င်းရွေးချယ်သည့် နည်းလမ်းဖြင့် ရန်ပုံငွေပေးနိုင်သည်။ ထို့ကြောင့်၊ ဤကွန်မြူနတီ ဖောင်ဒေးရှင်းသည် အကျိုးအမြတ် မယူသော နယ်ပယ်၏ အကောင်းဆုံး ကျင့်ဝတ်များနှင့်အညီ အကျိုးအမြတ် မယူသော အဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများနှင့် အဖွဲ့ တစ်ခုလုံး၏ အခြေအနေကို သိသာ ထင်ရှားစေရန် Rising Together Grant လျှောက်လွှာကို အပိုင်း လေးပိုင်းဖြင့် ဖွဲ့စည်း ထားပါသည်။

တောင်းဆိုထားသော အချက်အလက် မရှိခြင်း သို့မဟုတ် မပြည့်စုံသော လျှောက်လွှာကို ထောက်ပံ့ကြေး ငြင်းပယ် နိုင်ပါသည်။ ထောက်ပံ့ကြေး အားလုံးအတွက် နောက်ဆုံး ဆုံးဖြတ်ချက်သည် Pillar Strategic ထောက်ပံ့ကြေး ကော်မတီများမှ

အကြံပြုချက် များနှင့် ရရှိနိုင်သော ရန်ပုံငွေများကို ထည့်သွင်း စဉ်းစားခြင်း အပေါ် အခြေခံ၍ ကွန်မြူနတီ ဖောင်ဒေးရှင်း ဒါရိုက်တာ ဘုတ်အဖွဲ့တွင် တည်ရှိသည်။

---

## *Rising Together Grant* လျှောက်ထားခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ပြင်ဆင်မှု

---

### လုပ်ငန်းစဉ်

ကျွန်ုပ်တို့သည် သင့်အဖွဲ့အစည်း အတွက် ထောက်ပံ့ကြေး လျှောက်လွှာ၏ အောင်မြင်နိုင်သည့် အခွင့်အလမ်းကို မြှင့်တင်လိုပါသည်။ ထို့ကြောင့် သင့် လျှောက်လွှာအတွက် အထောက်အကူ ဖြစ်စေရန် ကျွန်ုပ်တို့၏ လမ်းညွှန်ချက်များ အပြင်၊ အောက်ပါ နောက်ဆုံး သတ်မှတ်ရက်များကို သတိပြုပါ။

- ချိတ်ဆက်ထားသော အသိုက်အဝန်း – မတ်လ ၁
- လူတိုင်း၏ စီးပွားရေး အခြေအနေ – မေ ၁
- တစ်သက်တာသင်ယူခြင်း – ဇူလိုင် ၁
- စိတ်ခွန်အားပေးသော နေရာများ – စက်တင်ဘာ ၁
- ကျန်းမာသောစိတ်နှင့် ခန္ဓာကိုယ် – နိုဝင်ဘာ ၁

### ပြင်ဆင်မှု

- သင်ပေးလိုသော အချက်အလက် များကို ထိမိစွာဖြင့် ပြောဆိုတင်ပြပါ။
- သင်၏ အဆိုပြုချက်သည် သင့်အဖွဲ့အစည်း၏ တာဝန်ကို မည်သို့ ပံ့ပိုးပေးသည်နှင့် သင့်အဖွဲ့အစည်း လုပ်ဆောင်နေသည့် စနစ်များကို ပြောင်းလဲစေရန် မည်သို့ကူညီပေးသည်ကို ရှင်းပြပါ။
- ကျေးဇူးပြု၍ သင်၏ အောင်မြင်မှု အကဲဖြတ်ခြင်း နည်းလမ်းကို မျှဝေပြီး အခြေခံ စာရင်းအင်းများနှင့် စံသတ်မှတ်ချက်များ ထည့်သွင်းပေးပါ။
- သင်၏ လျှောက်ထားမှုကြောင့် ရပ်ရွာအတွက် ဖြစ်နိုင်ချေရှိသော အကျိုးကျေးဇူးများ ရှိကြောင်း ရှင်းပြပါ။
- နောက်ဆုံးရရှိသည့် ဘဏ္ဍာရေး အချက်အလက် များကို ထည့်သွင်းပါ။ ပံ့ပိုးမှုကို တောင်းခံရန် အတွက် ရသုံးမှန်းခြေ ဘတ်ဂျက် ငွေစာရင်း လိုအပ်ပါသည်။
- လျှောက်လွှာနှင့်အတူ တင်သွင်းသည့် အချက်အလက်များ အားလုံးကို ဘောင်ဝင်အောင် လုပ်ပါ။
- မတင်မီ ဂရုတစိုက် ပြန်စစ်ပါ၊ ကိန်းဂဏန်းများကို တိကျကြောင်းနှင့် စာစီစာရိုက်အမှားများကို ဖယ်ရှားကြောင်း သေချာစေပါ။
- သံသယရှိပါက ရှင်းလင်းချက် တောင်းပါ။ သင်၏ ထောက်ပံ့ကြေး လျှောက်လွှာကို တင်ပြီးသောအခါတွင် မေးခွန်းများရှိပါက ကျွန်ုပ်တို့ လိုလိုချင်ချင် ဖြေဆိုပါမည်။
- ကျေးဇူးပြု၍ သတိပြုပါ- ကွန်မြူနတီ ဖောင်ဒေးရှင်းသည် ပြန်လည် သုံးသပ်မှု လုပ်ငန်းစဉ် အတွင်း တောင်းဆိုထားသည့် ငွေပမာဏကို အချိန်မရွေး ချိန်ညှိ နိုင်ပါသည်။

## အရည်အချင်း ပြည့်မီမှု စစ်ဆေးခြင်း

ဤကွန်မြူနတီဖောင်ဒေးရှင်း အနေဖြင့် Rising Together Grant ရပုံငွေကို လျှောက်ထားသူ များသည် လျှောက်လွှာ လုပ်ငန်းစဉ် အတွက် အခြေခံ သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း သေချာစေရန် အရည်အချင်း ပြည့်မီမှုကို စစ်မေးခြင်းတခု လိုအပ်ပါသည်။ အဖွဲ့အစည်း တစ်ခုသည် Rising Together Grant အစီအစဉ်များ အတွက် ဆက်လက် လုပ်ဆောင်ခြင်း မပြုမီ အရည်အချင်း ပြည့်မီမှု ရှိမရှိ အကြောင်းအရာ တစ်ခုစီကို စစ်ဆေးရန် မေးခွန်းများ လိုအပ်သည်-

- သင်သည် 501(C)(3) အဖွဲ့အစည်း ဖြစ်သည်
- သင်သည် အနည်းဆုံး ၃ နှစ်တိုင်တိုင် တည်ရှိနေခဲ့သည်
- ဝန်ဆောင်မှု ပေးသူ အနည်းဆုံး ၅၀% သည် အယ်လန် ကောင်တီတွင် ရှိပြီး/သို့မဟုတ် သင်သည် ခရိုင်အတွက် ထူးခြားသောဝန်ဆောင်မှုကိုပေးပါသည်
- ဝန်ဆောင်မှုများ လက်ခံရရှိရန် အတွက် ထိုသူတို့သည် ဘာသာရေး အစီအစဉ်များတွင် ပါဝင်ရန် မလိုအပ်ပါ
- သင့်ဝန်ထမ်းများ ထံမှ ဘာသာရေး ယုံကြည်မှု ထုတ်ပြန်ချက် မလိုအပ်ပါ

## Rising Together ထောက်ပံ့ကြေးမေးခွန်းများ

### အထွေထွေသတင်းအချက်အလက်

၁။ရပ်ရွာကို အကျိုး သက်ရောက်စေရန် သင် လုပ်ဆောင်နေသည့် သီးခြားအလုပ်များ အပါအဝင် သင့်အဖွဲ့အစည်းသည် မဏ္ဍိုင်နှင့် ဗျူဟာမြောက် မည်သို့ လိုက်လျောညီထွေ ရှိပုံကို ရှင်းပြပါ။

၂။လုပ်ငန်း လည်ပတ်ရေး အထောက်အပံ့ တောင်းခံခဲ့သည်။

၃။ တောင်းဆိုထားသည့် ပမာဏ။

၄။ယခင် Rising Together/Pillar ရန်ပုံငွေ ရရှိမှု။

### စီမံအုပ်ချုပ်မှု

၁။ဒါရိုက်တာ ဘုတ်အဖွဲ့မှ သင့်အမှုဆောင်ဒါရိုက်တာ အတွက် တရားဝင် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ရှိပါသလား?

၂။ဒါရိုက်တာ ဘုတ်အဖွဲ့နှင့် မျှဝေထားသော သင့်အမှုဆောင် ဒါရိုက်တာအတွက် ဝန်ထမ်းများထံမှ တရားဝင် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် ရှိပါသလား?

၃။သင့်လက်ရှိ ဘုတ်အဖွဲ့ ခန့်အပ်ရေး လုပ်ငန်းစဉ်က ဘာလည်း?

၄။သင့်အဖွဲ့ စည်းမျဉ်း စည်းကမ်းများ အရ  လက်ရှိ ဘုတ်အဖွဲ့ဝင် သက်တမ်း ကန့်သတ်ချက်တွေက ဘာလည်း?

၅။သင့်ရဲ့ စည်းမျဉ်းတွေအရ ဒါရိုက်တာဘုတ်အဖွဲ့ ဘယ်လောက်နေရင် တခါ တွေ့ဆုံကြမလည်း?

၆။ကျေးဇူးပြု၍ သင့်တို့၏ ဘုတ်အဖွဲ့ ကော်မတီများ အားလုံးကို စာရင်းပြုစုပါ။

၇။ဤကဏ္ဍတွင် သင်ပေးထားသည့် အချက်အလက် မှန်သမျှသည် ထပ်လောင်း အကြောင်းအရာ သို့မဟုတ် ရှင်းလင်းချက် လိုအပ်သည်ဟု ယုံကြည်ပါက၊ ဤနေရာတွင် အကျဉ်းချုံး ဖော်ပြပါ။

### လူပုဂ္ဂိုလ်/ဝန်ထမ်းရေးရာဌာ

၁။ကျေးဇူးပြု၍ သင်၏အဖွဲ့အစည်း ဇယားကို ပူးတွဲပါ။

[Type here]

၂။သင့်အဖွဲ့အစည်းကို စေတနာ့ ဝန်ထမ်းများက အဓိက ဦးဆောင် သို့မဟုတ် လည်ပတ်နေပါသလား (ဝ-၁ အခကြေးငွေ ပေးရသည့် ဝန်ထမ်းအဖွဲ့ဝင်များနှင့် ကျန်သူများသည် စေတနာ့ ဝန်ထမ်းများ ဖြစ်သည်)?
၃။ယမန်နှစ်က သင့်ဝန်ထမ်းအဆင့် အားလုံးတွင် မည်သည့် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှု ရှိသနည်း?
၄။သင့်တွင် သင့်အမှုဆောင် ဒါရိုက်တာ/စီအီးအိုအတွက် တရားဝင် ရေးသားထားသော ဆက်ခံရေး အစီအစဉ်ရှိပါသလား?
၅။အဓိက ရာထူးများတွင် တာဝန် ထမ်းဆောင်ခဲ့သည့် နှစ်များ- အမှုဆောင် ဒါရိုက်တာ၊ ဖွံ့ဖြိုး တိုးတက်ရေးဒါရိုက်တာ၊ CFO/COO/ဘဏ္ဍာရေး/လုပ်ငန်း ဆောင်ရွက်မှုဒါရိုက်တာ၊ ပရိုဂရမ် ဒါရိုက်တာ/မန်နေဂျာ။
၆။ဘုတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အကြီးတန်း ဝန်ထမ်းများ၏ လူမျိုးနှင့် မျိုးနွယ်စု။
၇။ဘုတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အကြီးတန်း ဝန်ထမ်းများ၏ ကျား၊မ လက္ခဏာ။
၈။ဘုတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အကြီးတန်း ဝန်ထမ်းများ၏ အသက်။
၉။ဤကဏ္ဍတွင် သင်ပေးထားသည့် အချက်အလက် မှန်သမျှသည် ထပ်လောင်း အကြောင်းအရာ သို့မဟုတ် ရှင်းလင်းချက် လိုအပ်သည်ဟု ယုံကြည်ပါက၊ ဤနေရာတွင် အကျဉ်းချုံး ဖော်ပြပါ။

**အစီအစဉ်များ**

၁။ မည်သည့် ပြဿနာကို သင်ဖြေရှင်းရန် ကြိုးစားနေသနည်း? သို့မဟုတ် မည်သည့် အခက်အခဲကို သင်ဖြေရှင်းရန် ကြိုးစား နေသနည်း?
၂။ သင့် လုပ်ဆောင် ချက်ကြောင့် မည်သို့ အကျိုး သက်ရောက်မှု ရှိမည်ကို သင်သိပါသလား?
၃။သင်သည် (အစိုးရ၊ အခြားသော အကျိုးအမြတ် မယူသော အဖွဲ့အစည်းများ အပါအဝင်) အခြားသူများနှင့် မည်သို့ ပူးပေါင်း ဆောင်ရွက်မည်နည်း?
၄။ ဝန်ဆောင်မှု ယူခဲ့သည့် လူမျိုး/မျိုးနွယ်စုများ။
၅။ ဝန်ဆောင်မှု ယူခဲ့သူများ၏ ကျား၊မ လက္ခဏာ။
၆။ ဝန်ဆောင်မှု ယူခဲ့သူများ၏ အသက်အရွယ်။
၇။ဤကဏ္ဍတွင် သင်ပေးထားသည့် အချက်အလက် မှန်သမျှသည် ထပ်လောင်း အကြောင်းအရာ သို့မဟုတ် ရှင်းလင်းချက် လိုအပ်သည်ဟု ယုံကြည်ပါက၊ ဤနေရာတွင် အကျဉ်းချုံးဖော်ပြပါ။

**ငွေကြေး/ရန်ပုံငွေရှာဖွေခြင်း**

၁။သင့်အဖွဲ့အစည်း တစ်ခုလုံး လက်ရှိနှင့် ယခင် ဘဏ္ဍာရေးနှစ် လည်ပတ်မှု ဘတ်ဂျက် ရငွေများကို ထည့်သွင်းရန် လျှောက်လွှာတွင် ပါရှိသော ဇယားကို အသုံးပြုပါ။
၂။အထက် ဖော်ပြပါဇယား အတွက်၊ အခြားဝင်ငွေများကို ထည့်သွင်းပါက၊ မည်သည့် ငွေဖြစ်သည်ကို ဖော်ပြပါ။ အခြား ဝင်ငွေများသည် ဝင်ငွေ အများစုဖြစ်ပါက ကျေးဇူးပြု၍ သေချာ ရှင်းပြပါ။
၃။ကျေးဇူးပြု၍ သင့်အဖွဲ့အစည်း တစ်ခုလုံး လက်ရှိနှင့် ယခင် ဘဏ္ဍာရေးနှစ် လည်ပတ်မှု ဘတ်ဂျက် ကုန်ကျစရိတ် အတွက် ဇယားကို အသုံးပြုပါ။
၄။အထက် ဖော်ပြပါ ဇယားအတွက်၊ အခြား ကုန်ကျစရိတ်များကို ထည့်သွင်းပါက၊ မည်သည့်ငွေ ဖြစ်သည်ကို ဖော်ပြပါ။ အခြား ကုန်ကျ စရိတ်များသည် ကုန်ကျစရိတ် အများစု ဖြစ်ပါက ကျေးဇူးပြု၍ ရှင်းပြပါ။
၅။သင့် အတည်ပြုထားသော ဘတ်ဂျက်တွင် သိသာ ထင်ရှားသော ပိုလျှံမှု သို့မဟုတ် လိုငွေပြပါက၊ ကျေးဇူးပြု၍ ရှင်းပြပါ။

[Type here]

၆။သင့်အဖွဲ့အစည်း အတွက် ယခင် ၂နှစ် လက်ကျန် ရှင်းတမ်းကို ကျေးဇူးပြု၍ ထည့်ပေးပါ။
၇။ကျေးဇူးပြု၍ လက်ရှိနှင့် ယခင် ဘဏ္ဍာရေးနှစ် နှစ်ခုအတွက် ဝင်ငွေရှင်းတမ်းများ ပေးပါ။
၈။ သင်၏ ဒါရိုက်တာ ဘုတ်အဖွဲ့သည် နှစ်စဉ် ဘတ်ဂျက်ကို တရားဝင်အတည်ပြုပါသလား?
၉။ သင့်တွင် ၃လမှ ၆လစာ လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ ပံ့ပိုးမှု အရန်ငွေရှိပါသလား?
၁၀။ အလှူရှင် တစ်ဦးချင်းစီနှင့် ဆက်ဆံရေးကို သင်မည်ကဲ့သို့ တည်ဆောက် ထိန်းသိမ်းမည်နည်း?
၁၁။ ရှိပါက-သင့်ရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ပူးတွဲ တင်ပြပါ။
၁၂။ သင့်တွင် ဘဏ် သို့မဟုတ် အခြားဘဏ္ဍာရေး အဖွဲ့အစည်း တစ်ခုတွင် ရယူနိုင်သည့် ထောက်ပံ့ကြေး ရှိပါသလား?
၁၃။ ဤကဏ္ဍတွင် သင်ပေးထားသည့် အချက်အလက် မှန်သမျှသည် ထပ်လောင်း အကြောင်းအရာ သို့မဟုတ် ရှင်းလင်းချက် လိုအပ်သည်ဟု ယုံကြည်ပါက၊ ဤနေရာတွင် အကျဉ်းချုံး ဖော်ပြပါ။

## Rising Together Grant အကဲဖြတ်ခြင်း ရူဘယ်ဇယား

ထောက်ပံ့ကြေး အကဲဖြတ်မှု ရူဘယ်ဇယားသည် အကဲဖြတ်သူ များသည် အဆိုပြုချက် များကို တသမတ်တည်း အမှတ်ပေးနိုင်စေရန် ကူညီပေးသည့် အသေးစိတ် ကောက်ကြောင်း တစ်ခုဖြစ်သည်။ ရူဘယ်ဇယားသည် ပုဂ္ဂိုလ်ရေး ဘက်လိုက်မှုကို လျှော့ချရန် ကူညီပေးသည်။

**အုပ်ချုပ်မှု – ၃၀ မှတ်**

*အကဲဖြတ်သူမှ အရည်အချင်း ကိုက်ညီမှု သုံးသပ်ခြင်း - အမှုဆောင် ဒါရိုက်တာအတွက် တာဝန်ခံမှုနှင့် အဖွဲ့အစည်း အတွင်း ဝန်ထမ်းအားလုံး တွေ့ကြုံနေရသည့် အရာနှင့် ပတ်သက်၍ ဘုတ်အဖွဲ့နှင့် အတူ ပွင့်လင်း မြင်သာမှု ရှိပါသလား? ဒါရိုက်တာ ဘုတ်အဖွဲ့တွင် တရားဝင် လုပ်ငန်းစဉ်များ ရှိပါသလား? ဘုတ်အဖွဲ့တွင် ပါဝင်လာနိုင်ရန် အတွက် စေတနာ့ ဝန်ထမ်းများကို မြေတောင်မြှောက် ပေးမည့် လုံလောက်သော ကော်မတီများ ရှိပါသလား? အဖွဲ့အစည်း တစ်ခုလုံးကို မှန်ကန်စွာ ကြီးကြပ်မှု ရှိပုံပေါ်ပါသလား?*

**၁-၁၀ တုံ့ပြန် ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *မကိုက်ညီပါ***

- အဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ အကန့်အသတ် ဖြင့်သာရှိ (သို့မဟုတ်) လုံးဝမရှိပါ
- ဘုတ်အဖွဲ့သည် အဆင့်မြင့်ပြီး သင့်လျော်သော အနေအထားတွင် လုပ်ဆောင် နေကြောင်း ဖော်ပြနေသည့် အညွှန်းများ မရှိပါ (သို့မဟုတ် အလွန် အကန့်အသတ် ဖြင့်သာရှိ) (ဥပမာ- အနုတ် လက္ခဏာ ဘတ်ဂျက်ကို အတည်ပြုခြင်း၊ အမှုဆောင် ဒါရိုက်တာ၏ အကဲဖြတ်ခြင်း မရှိခြင်း၊ အမှုဆောင်ဒါရိုက်တာ လက်အောက်ရှိ ဝန်ထမ်းများ အဝင်အထွက်နှုန်း မြင့်မားခြင်း)
- အမှုဆောင်ဒါရိုက်တာ အတွက် တာဝန်ယူမှု တာဝန်ခံမှု မရှိပါ
- ဘုတ်အဖွဲ့သည် မည်သည့် အမျိုးအစားတွင်မျှ စုံလင်ကွဲပြား ခြင်းမရှိသည့် အပြင် အယ်လန် ကောင်တီ၏ လူဦးရေ သို့မဟုတ် ဝန်ဆောင်မှု လက်ခံ ယူနေသူများကို ထင်ဟပ်ခြင်း မရှိပါ

**၁၁-၁၇ တုံ့ပြန် ဖြေဆိုမှုသည် စံသတ်မှတ်ချက် များနှင့် *အနည်းငယ်သာ* ကိုက်ညီ ပါသည်**

- အုပ်ချုပ်မှုဆိုင်ရာ အတွက် အဖွဲ့အစည်းတွင် မည်သည့် အရာများ ရှိသည် ဆိုသည်ကို မရေရာပါ

• ဘုတ်အဖွဲ့ ကော်မတီများ အလွန် နည်းပါးပါသည်
• အမှုဆောင်ဒါရိုက်တာ သို့မဟုတ် ဝန်ထမ်းများ၏ အကဲဖြတ်ချက် မရှိပါ
• ဘုတ်အဖွဲ့၏ မတူကွဲပြားမှုကို ကွဲပြားမှု အမျိုးအစား**တစ်ခု** (ဆိုလိုသည်မှာ လူမျိုးနှင့် လူမျိုး၊ အသက်၊ ကျားမခွဲခြားမှု) တွင် တွေ့ရပါသည်

**၁၈-၂၄ တုံ့ပြန် ဖြေဆိုမှုသည် စံသတ်မှတ်ချက် များနှင့် *လုံး၀* ကိုက်ညီပါသည်**
• အဖွဲ့အစည်းတွင် ရှင်းလင်းသော ဘုတ်အဖွဲ့ ကော်မတီများ ရှိသော်လည်း ၎င်းတို့ကို ဘုတ်အဖွဲ့ ခေါ်ယူမှုအတွက် လမ်းကြောင်းများ အဖြစ် အသုံးမပြုနိုင်ပါ
• ဘုတ်အဖွဲ့ **သို့မဟုတ်** ဝန်ထမ်းများသည် အမှုဆောင်ဒါရိုက်တာကို အကဲဖြတ်ပြီး တာဝန် ယူ/ခံ မှုရှိသည်။
• ဘုတ်အဖွဲ့သက်တမ်း ကန့်သတ်ချက်များ ရှိသော်လည်း ရှည်လွန်းသည် (၃ နှစ်သက်တမ်း နှစ်ခုသည် အကောင်းဆုံး အလေ့အကျင့် ဖြစ်သည်)
• ဘုတ်အဖွဲ့ဝင်များကြားတွင် အယ်လန် ကောင်တီ၏ မတူ ကွဲပြားမှုနှင့် ဝန်ဆောင်မှု ခံယူနေသော လူဦးရေကို ထင်ဟပ်သည့် ကွဲပြားမှု အနည်းဆုံး အမျိုးအစား**နှစ်ခု** ရှိသည်

**၂၅-၃၀ တုံ့ပြန်ဖြေဆိုမှုသည် *နမူနာပြုရလောက်အောင်* စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါသည်**
• ဘုတ်အဖွဲ့ **နှင့်** ဝန်ထမ်းများသည် အမှုဆောင်ဒါရိုက်တာအား အကဲဖြတ်ကာ ဘုတ်အဖွဲ့ထံ ရှင်းလင်းစွာ ဆက်သွယ်ပြောဆိုမှုကို တွေ့နိုင်ပြီး အမှုဆောင် ဒါရိုက်တာအား တာဝန်ခံမှုရှိစေပါသည်
• ဘုတ်အဖွဲ့ ကော်မတီများသည် ကြံ့ခိုင်ပြီး ဘုတ်အဖွဲ့ဝင်များ အတွက် ရှင်းလင်းသော လမ်းကြောင်းများ ဖြစ်သည်
• ဘုတ်အဖွဲ့သည် ပုံမှန်တွေ့ဆုံပြီး တွေးခေါ်မှုနှင့် အမြင်သစ်များကို သေချာစေရန် သင့်လျော်သော ဆက်ခံမှု အစီအစဉ်များ ရှိပါသည်
• မတူ ကွဲပြားစုံလင်မှု အမျိုးအစားများ အားလုံးတွင် မတူ ကွဲပြားမှုကို ဘုတ်အဖွဲ့ဝင်များကြားတွင် တွေ့ရပြီး အယ်လန် ကောင်တီ၏ မတူကွဲပြားမှုနှင့် ဝန်ဆောင်မှု ခံယူနေသော လူဦးရေကို ထင်ဟပ်သည့် ကွဲပြားမှုများ တွေ့ရှိရသည်

**လူပုဂ္ဂိုလ်/ဝန်ထမ်းရေးရာ – ၂၀ မှတ်**
အကဲဖြတ်သူမှ အရည်အချင်း ကိုက်ညီမှု သုံးသပ်ခြင်း - အဖွဲ့အစည်းသည် ဝန်ထမ်းများ တိုးတက်မှု အတွက် အခွင့်အလမ်းများ ပေးပါသလား?အချို့သော အဓိကရာထူး များတွင် အဝင်အထွက်နှုန်း မြင့်မားနေခြင်းက မတည်ငြိမ်မှုကို ညွှန်ပြ နေပါသလား? ဝန်ထမ်းများ၏ မတူကွဲပြားမှု စုံလင်မှုသည် ဝန်ဆောင်မှုကို ရယူနေသူများ၏ မတူကွဲပြားမှုကို ထင်ဟပ် နေပါသလား?
**၁-၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *မကိုက်ညီပါ***
• ရာထူး **အားလုံးတွင်** ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုး တိုးတက်မှု မရှိသည့် အပြင် ဝင်နှုန်းထွက်နှုန်း အလွန် မြင့်မားသည် (တစုံတယောက်သည် ၎င်း၏ နေရာတွင် ၂ နှစ်အောက်သာ လုပ်ပါက ဝင်နှုန်းထွက်နှုန်းမြင့်အဖြစ် သတ်မှတ်သည်)
• နောက် မည်သူ ဆက်ခံမည်ဆိုသည့် အစီအစဉ်မရှိပါ
• အဖွဲ့အစည်းသည် မည်သည့် အမျိုးအစားတွင်မျှ စုံလင် ကွဲပြားခြင်း မရှိသည့်အပြင် အယ်လန် ကောင်တီ၏ လူဦးရေ သို့မဟုတ် ဝန်ဆောင်မှု လက်ခံယူနေသူ များကို ထင်ဟပ်ခြင်းမရှိပါ

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *အနည်းငယ်သာ* ကိုက်ညီပါသည်**

- ဝန်ထမ်းတစ်ဦး အတွက်သာ ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုး တိုးတက်မှုကို စီစဉ်ပေး ထားသည်
- ဆက်ခံမည့် အစီအစဉ် မရှိသည့်အပြင် အမှုဆောင်ဒါရိုက်တာ**မှလွဲ၍** ရာထူး အားလုံးတွင် ဝင်နှုန်းထွက်နှုန်း မြင့်မားသည်
- ဝန်ထမ်းများ၏ မတူ ကွဲပြားစုံလင်မှုကို ကွဲပြားမှု အမျိုးအစား တစ်ခု (ဆိုလိုသည်မှာ လူမျိုးနှင့် လူမျိုး၊ အသက်၊ ကျားမခွဲခြားမှု) တွင် တွေ့ရပါသည်

**၁၁-၁၅ တုံ့ပြန်မှုဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *လုံး၀* ကိုက်ညီပါသည်**

- ဝန်ထမ်း **အများစု**သည် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှု အချို့ကို လက်ခံရရှိ နေကြသည် သို့သော် နှစ်စဉ် ဖြစ်ခြင်မှ ဖြစ်ပါလိမ့်မည်
- အမှုဆောင်ဒါရိုက်တာ အတွက် တရားဝင် ဆက်ခံမည့်အစီအစဉ်မရှိပါ၊ အကြီးတန်း ခေါင်းဆောင်မှုအဆင့် **တစ်ခု သို့မဟုတ် နှစ်ခု**တွင် အဝင်အထွက် အချို့ရှိပါသည်
- မတူ ကွဲပြားစုံလင်မှု အမျိုးအစားများတွင် အယ်လန် ကောင်တီ၏ မတူကွဲပြားမှုနှင့် ဝန်ဆောင်မှု ခံယူနေသော လူဦးရေကို ထင်ဟပ်သည့် ကွဲပြားမှု အနည်းဆုံး အမျိုးအစား**နှစ်ခု** ရှိသည်

**၁၆-၂၀ တုံ့ပြန်ဖြေဆိုမှုသည် *နမူနာပြုရလောက်အောင်* စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါသည်**

- အဆင့်တိုင်းရှိ ဝန်ထမ်းများ **အားလုံး**သည် နှစ်စဉ် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုး တိုးတက်မှုကို ရရှိကြသည်
- အမှုဆောင်ဒါရိုက်တာ အတွက် တရားဝင် ဆက်ခံမည့် အစီအစဉ်တစ်ခု ရှိပြီး အကြီးတန်း ခေါင်းဆောင်မှု အဆင့် **အားလုံး**တွင် လည်ပတ်မှု အနည်းငယ်သာ ရှိခြင်းကြောင့် ခိုင်မာသည့် ဆက်ဆံရေး ရှိကြောင်း သိရှိနိုင်သည်
- မတူ ကွဲပြားစုံလင်မှု အမျိုးအစားများ **အားလုံး**တွင် မတူကွဲပြားမှုကို တွေ့ရပြီး အယ်လန် ကောင်တီ၏ မတူကွဲပြားမှုနှင့် ဝန်ဆောင်မှု ခံယူနေသော လူဦးရေကို ထင်ဟပ်သည့် ကွဲပြားမှုများ တွေ့ရှိရသည်

**အစီအစဉ်များ – ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်း ကိုက်ညီမှု သုံးသပ်ခြင်း - အဖွဲ့အစည်းသည် တိုက်ရိုက် လိုအပ်ချက်များကို ဆောင်ရွက်ပေးနေပြီး ပိုမို နက်ရှိုင်းသော စနစ်ကျသော ပြဿနာများကို ဖြေရှင်းရန်လည်း လုပ်ဆောင် နေပါသလား? ဝန်ဆောင်မှု ပေးသည့် အရေအတွက် များထက် ပိုမို နက်ရှိုင်းသော အကျိုး သက်ရောက်မှုကို ပြသသည့် အဖွဲ့အစည်း ဖြစ်ပါသလား? အဖွဲ့အစည်းသည် ၎င်းတို့၏ မစ်ရှင်ကို ဖြည့်ဆည်းရန် အခြားသူများနှင့် အမှန်တကယ် ပူးပေါင်း လုပ်ဆောင် နေပါသလား?

**၁-၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *မကိုက်ညီပါ***

- အဖွဲ့အစည်း လုပ်ဆောင်သည့် အရာနှင့်ပတ်သက်သည့် အချက်အလက် မရှိပါ (သို့မဟုတ် အလွန် အကန့်အသတ် ဖြင့်သာရှိ)
- အောင်မြင်မှု သို့မဟုတ် အကျိုး သက်ရောက်မှု ဆိုင်ရာ ညွှန်းကိန်းများ မရှိ(သို့မဟုတ် အလွန် အကန့်အသတ် ဖြင့်သာရှိ) သည့်အပြင် ပူးပေါင်း ဆောင်ရွက်ခြင်း ဥပမာများ မရှိပါ
- အဖွဲ့အစည်းသည် မည်သည့် အမျိုးအစားတွင်မျှ မတူ ကွဲပြားခြင်း မရှိသည့်အပြင် အယ်လန်ကောင်တီ၏ လူဦးရေ သို့မဟုတ် တာဝန် ထမ်းဆောင် နေသူများကို ထင်ဟပ်ခြင်း မရှိပါ

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *အနည်းငယ်သာ* ကိုက်ညီပါသည်**

- အဖွဲ့အစည်း၏ လုပ်ဆောင်မှု များကို ဝိုးတဝါးသာ ဖော်ပြသည်
- အဖွဲ့အစည်း၏ အကျိုး သက်ရောက်မှုကို တစ်ခါ ကြိုးစား ဖော်ပြထားသော်လည်း ၎င်းမှာ ဝန်ဆောင်မှု ပေးသည့် အကြိမ် အရေအတွက်များကို အစီရင်ခံခြင်းဖြင့်သာ ဖော်ပြထားခြင်းမျိုး ဖြစ်သည်
- ပူးပေါင်းဆောင်ရွက်ခြင်း၏ ဥပမာများ မရှိပါ (သို့မဟုတ် မရှိသလောက် နဲပါးသည်)
- ဝန်ဆောင်မှုခံယူသူ များ၏ မတူကွဲပြားစုံလင်မှုကို တွေ့ရပြီး ကွဲပြားမှု အမျိုးအစားတစ်ခု (ဆိုလိုသည်မှာ လူမျိုးနှင့် လူမျိုး၊ အသက်၊ ကျားမခွဲခြားမှု) တွင် တွေ့ရပါသည်

**၁၁-၁၅ တုံ့ပြန်မှုဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *လုံးဝ* ကိုက်ညီပါသည်**

- အဖွဲ့အစည်း လုပ်ဆောင်မှုမှာ ရှင်းလင်းပြီး အဖွဲ့၏ ကြိုးပမ်း အားထုတ်မှုဖြင့် ရည်ရွယ်ချက်ကို မောင်းနှင် ပေးပါသည်
- တုံ့ပြန်မှုသည် အကျိုးသက်ရောက်မှု၏ ရှင်းလင်းသော အသေးစိတ်အချက်အလက်များကို ဖော်ပြပြီး ၎င်းတို့သည် တိုက်ရိုက်လိုအပ်ချက် သို့မဟုတ် စနစ်ကျသော ပြောင်းလဲမှုအပေါ် အာရုံစိုက်ထားသည်
- တုံ့ပြန်မှုတွင် အခြားအဖွဲ့အစည်းများနှင့် ပရော်ဖက်ရှင်နယ်ကျသော လုပ်ငန်းသဘော ပူးပေါင်း ဆောင်ရွက်မှု ရှိခြင်းကို ဖော်ပြနိုင်သည်
- မတူကွဲပြားစုံလင်မှုအမျိုးအစားများတွင် အယ်လန် ကောင်တီ၏ မတူကွဲပြားမှုနှင့် ဝန်ဆောင်မှုခံယူနေသော လူဦးရေကို ထင်ဟပ်သည့် ကွဲပြားမှု အနည်းဆုံး အမျိုးအစား**နှစ်ခု** ရှိသည်

**၁၆-၂၀ တုံ့ပြန်ဖြေဆိုမှုသည် *နမူနာပြုရလောက်အောင်* စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါသည်**

- အဖွဲ့အစည်း၏ လုပ်ဆောင်သည့်အရာကို သေချာစနစ်တကျ (ရှင်းလင်းပြီး ဆွဲဆောင်မှုရှိစွာ) ဖော်ပြထားသည့်အပြင် ရှင်းလင်းသော အကျိုးသက်ရောက်မှုဖြင့် ရည်ရွယ်ချက်ကို မောင်းနှင်ပါသည်
- တုံ့ပြန်မှုသည် တိုက်ရိုက်လိုအပ်ချက် **နှင့်** စနစ်ကျသောပြောင်းလဲမှုအပေါ် အာရုံစိုက်ခြင်းဖြင့် အလွန်ကောင်းမွန်ပြီး စံနမူနာပြ လောက်သော အကျိုးသက်ရောက်မှု ဥပမာများကို ပေးနိုင်ပါသည်
- တုံ့ပြန်မှုသည် အခြားသော အဖွဲ့အစည်းများနှင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဖော်ပြနိုင်သည်
- မတူကွဲပြားစုံလင်မှုအမျိုးအစားများ**အားလုံး**တွင် မတူကွဲပြားမှုကို တွေ့ရပီး အယ်လန် ကောင်တီ၏ မတူကွဲပြားမှုနှင့် ဝန်ဆောင်မှုခံယူနေသော လူဦးရေကို ထင်ဟပ်သည့် ကွဲပြားမှုများ တွေ့ရှိရသည်

**ဘဏ္ဍာရေးနှင့် ရန်ပုံငွေရှာဖွေခြင်း – ၃၀ မှတ်**

*အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း - အဖွဲ့အစည်းသည် ဘတ်ဂျက်လိုငွေပြနေသလား? သို့မဟုတ် အနည်းဆုံး ဝင်ငွေ ထွက်ငွေ မျှနေပါသလား? အကြုပ်အတည်း လျော့ပါးစေရန် ဝင်ငွေကွဲပြားမှု (ရန်ပုံငွေရင်းမြစ်များ၊ အကောင်းဆုံးအားဖြင့် ၁/၃ ရရှိသောဝင်ငွေ၊ ၁/၃ ထောက်ပံ့ကြေး၊ ၁/၃ တစ်ဦးချင်းလှူဒါန်းမှုများ) ရှိပါသလား? လက်ကျန်ရှင်းတမ်းရှိ ပိုင်ဆိုင်မှုများသည် ကြွေးမြီများထက် များပါသလား? ပိုင်ဆိုင်မှုများသည် အလွယ်တကူ ငွေပေါ်နိုင်သည့်အမျိုးအစား(liquid) သို့မဟုတ် ငွေဖော်ရန် ခက်ခဲသည့်အမျိုးအစား (fixed) ဖြစ်ပါသလား?(၎င်းတို့၏ ပိုင်ဆိုင်မှု အများစုကို မထုခွဲနိုင်သော ပစ္စည်းဥစ္စာများအဖြစ် အသေ ဖြစ်နေခြင်း မရှိစေရန်နှင့် လိုအပ်ပါက ငွေသားအချို့ ရရှိနိုင်ကြောင်း သေချာစေရေး)? အဖွဲ့အစည်းသည် အလှူရှင်များနှင့် ထိတွေ့*

*ဆက်ဆံနေသလား သို့မဟုတ် ပွဲများ သို့မဟုတ် ထောက်ပံ့ကြေးများကဲ့သို့သော အခြားဝင်ငွေအရင်းအမြစ်များအပေါ်တွင် မှီခို အားထားနေပါသလား?*

**၁-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *မကိုက်ညီပါ***

- အနုတ်လက္ခဏာဘတ်ဂျက်ကို ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုခဲ့သည်
- အဖွဲ့အစည်းတွင် ဝင်ငွေလမ်းကြောင်းတစ်ခုသာရှိပြီး ၎င်း ဝင်ငွေအပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုနေရပါသည်
- အဖွဲ့အစည်း၏ ပေးဆပ်ရန် ရှိသည်များသည် ပိုင်ဆိုင်မှုများထက် ပိုများနေပြီး အဖွဲ့အစည်းတွင် ငွေဖြစ်လွယ်သော ထုခွဲနိုင်သည့် ပိုင်ဆိုင်မှုများ မရှိဘဲ အကြွေး အမြောက်အမြား တင်ရှိနေသည်
- အဖွဲ့အစည်းတွင် အရန်ငွေမရှိပါ
- အဖွဲ့အစည်းသည် ရန်ပုံငွေ ရှာဖွေခြင်း သို့မဟုတ် တစ်ဦးချင်း အလှူရှင်များနှင့် ထိတွေ့ဆက်ဆံခြင်း မဟုတ်ကြောင်း အလွန် ထင်ရှားသည်

**၁၁-၁၇ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *အနည်းငယ်သာ* ကိုက်ညီပါသည်**

- အနုတ်လက္ခဏာ ဘတ်ဂျက်ကို ဒါရိုက်တာ ဘုတ်အဖွဲ့မှ အတည်ပြုခဲ့သည်
- အဖွဲ့အစည်းသည် ဝင်ငွေကွဲပြားမှု **အလွန်နည်းပါးကြောင်း** ပေါ်လွင်ပြီး ဝင်ငွေစီးကြောင်း တစ်ခုတည်း အပေါ် ကြီးမားစွာ မှီခိုနေရပါသည်
- အဖွဲ့အစည်း၏ ပိုင်ဆိုင်မှုများသည် ကြွေးမြီများထက် ပိုများသော်လည်း အဖွဲ့အစည်းသည် ငွေဖြစ်လွယ်သည့် ပိုင်ဆိုင်မှု သို့မဟုတ် ငွေသားရယူ သုံးစွဲနိုင်မှု မရှိသည့်အပြင် အကြွေးများစွာရှိသည်
- အဖွဲ့အစည်းတွင် လည်ပတ်အရန်ငွေ သို့မဟုတ် ထောက်ပံ့ကြေး မရှိပါ
- အဖွဲ့အစည်းသည် တစ်နှစ်လျှင် ရန်ပုံငွေပွဲ သို့မဟုတ် ကမ်ပိန်းတစ်ခု ပြုလုပ်နေပြီး တစ်ဦးချင်းအလှူရှင်များနှင့် ထိတွေ့ ဆက်ဆံခြင်းမရှိပါ

**၁၈-၂၄ တုံ့ပြန်မှုဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် *လုံးဝ* ကိုက်ညီပါသည်**

- ရသုံးဘတ်ဂျက်ငွေ အရှုံး အမြတ် မျှသည်
- အဖွဲ့အစည်းသည် ဝင်ငွေကွဲပြားမှု **အချို့**ကို ဖော်ပြသော်လည်း ဝင်ငွေ လမ်းကြောင်း တစ်ခု သို့မဟုတ် နှစ်ခုအပေါ် ပိုမို မှီခို အားထားနေပါသည်
- အဖွဲ့အစည်း၏ ပိုင်ဆိုင်မှုများသည် ကြွေးမြီများထက် ကြီးမားသော်လည်း အဖွဲ့အစည်းတွင် ငွေဖြစ်လွယ်မှု သို့မဟုတ် ငွေသား သုံးစွဲခွင့် များစွာမရှိပါ
- အဖွဲ့အစည်းတွင် လည်ပတ်အရန်ငွေ **သို့မဟုတ်** ထောက်ပံ့ကြေး တစ်ခုရှိသည်စ
- အဖွဲ့အစည်းသည် ပွဲများ သို့မဟုတ် နှစ်စဉ် ကမ်ပိန်းများကို လက်ခံကျင်းပ နေနိုင်သော်လည်း ယင်းထက် ကျော်လွန်၍ အလှူရှင် တစ်ဦးချင်းစီနှင့် မည်သို့ ဆက်ဆံနေသနည်း သို့မဟုတ် မည်သို့ တုံ့ပြန်နေမည်ကို မရှင်းလင်းပါ

**၂၅-၃၀ တုံ့ပြန်ဖြေဆိုမှုသည် နမူနာပြုရလောက်အောင် စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါသည်**

- ရသုံး ဘတ်ဂျက် ငွေသည် အရှုံးအမြတ် မျှသည် သို့မဟုတ် တစ်နှစ်အတွက် အမြတ်ငွေဖြင့် မျှတသည်

- အဖွဲ့အစည်းသည် စံနမူနာ ပြရလောက်အောင် ဝင်ငွေကွဲပြားမှု ရှိပြီး မည်သည့် ဝင်ငွေစီးကြောင်း ပေါ်တွင်မျှ မှီခိုခြင်း မရှိပါ
- အဖွဲ့အစည်း၏ ပိုင်ဆိုင်မှုများသည် ပေးဆပ်ရမည် များထက် ပိုများ **သည့်အပြင်** အဖွဲ့အစည်းတွင် ကောင်းမွန်သော ငွေဖြစ်လွယ်မှု ရှိသည်
- အဖွဲ့အစည်းတွင် လည်ပတ်နေသော အရန်ငွေ **နှင့်** ရယူသုံးစွဲနိုင်သည့် ရန်ပုံငွေ တစ်ခုရှိသည်
- အဖွဲ့အစည်းသည် တက်ကြွစွာ ရန်ပုံငွေ ရှာဖွေလျက်ရှိပြီး တဦးချင်း အလှူရှင်များနှင့် ပူးပေါင်း ဆောင်ရွက် နေကြောင်း အလွန် ရှင်းလင်းပါသည်

ကဏ္ဍတစ်ခုစီပြီးနောက်၊ အကဲဖြတ်သူများသည် ၎င်းတို့၏ အမှတ်ပေးမှုများ မည်သို့ ရရှိကြောင်း အသေးစိတ် ဖော်ပြ ရမည်ဖြစ်သည်။

ရမှတ် **၁-၁၇ (၃၀ အနက်)** သို့မဟုတ် **၁-၁၀ (၂၀ တွင်)** အတွက် လျှောက်ထားသူသည် ဤနယ်ပယ်တွင် တိုးတက်အောင် လုပ်ဆောင်နိုင်သည့် လုပ်ဆောင်ချက်များ ရှိပါသလား? ဤတုံ့ပြန် ဖြေဆိုမှု၏ အစိတ်အပိုင်းများ ရှင်းလင်းမှု ရှိပါသလား?

ရမှတ် **၁၈-၃၀ (၃၀ အနက်)** သို့မဟုတ် **၁၁-၂၀ (၂၀ တွင်)** – ဤဖြေဆိုချက်သည် မည်သည့် အတွက်ကြောင့် အလွန် ခိုင်မာသော သို့မဟုတ် စံနမူနာပြ တုံ့ပြန်မှု ဖြစ်နေပါသနည်း? ဤအကြောင်းအရာကို ပိုမိုထင်ရှားမှု ရှိစေရန် အပြုသဘော ဆောင်သော တုံ့ပြန်ချက် တစ်စုံတစ်ရာ ပေးနိုင်ပါသလား?

**သတိပြုရန် အရေးကြီးသောအရာများ**-
• ပြက္ခဒိန် နှစ်တစ်ခုစီ၏ အစတွင် ကဏ္ဍတစ်ခုလျှင် ရသုံးမှန်ခြေ ဘတ်ဂျက်ငွေ ပမာဏကို သတ်မှတ်သည်။
• ပြန်လည် သုံးသပ်ခြင်း လုပ်ငန်းစဉ်အတွင်း ကွန်မြူနတီ ဖောင်ဒေးရှင်းမှ တောင်းဆိုထားသော ပမာဏကို အချိန်မရွေး ချိန်ညှိနိုင်ပါသည်။
• $၅၀,၀၀၀ အထက်တောင်းဆိုမှုများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။ Rising Together Grant ရန်ပုံငွေ၏ ပျမ်းမျှ ထောက်ပံ့ကြေး အရွယ်အစားမှာ $၂၀,၀၀၀ ဖြစ်သည်။

---

## ရန်ပုံငွေ အရည်အချင်းပြည့်မီမှု၊ လမ်းညွှန်ချက်များနှင့် အစီရင်ခံခြင်း

---

- **501(c)(3) အဆင့်အတန်း-** သင်သည် 501(c)(3) အကျိုးအမြတ် မယူသော ပရဟိတ အဖွဲ့အစည်းဖြစ်ရပါမည်။
- **ပထမအကြိမ် ထောက်ပံ့မှုခံယူသူ**- Rising Together Grants ထောက်ပံ့ကြေး ပထမအကြိမ် ရသူများသည် Rising Together ထောက်ပံ့ကြေးရသူ အဖြစ် ၎င်းတို့၏ လုပ်ငန်းစဉ်စတင်ရန် ပုံမှန်အားဖြင့် $၅၀၀၀ ချီးမြှင့်ပါသည်။
- **တည်နေရာ-** သင်ဝန်ဆောင်မှုပေးနေသော အနည်းဆုံးလူများ၏ ၅၀% သည် အယ်လန် ကောင်တီတွင် ရှိရမည် ဖြစ်ပြီး/သို့မဟုတ် သင်သည် ခရိုင်အတွက် ထူးခြားသော ဝန်ဆောင်မှုကို ပေးသူ ဖြစ်ရပါမည်။

- **နှစ်ပေါင်းများစွာ ရန်ပုံငွေထောက်ပံ့ခြင်း-** Rising Together Grant ထောက်ပံ့ကြေးများကို တစ်ကြိမ်တည်းသာ ရန်ပုံငွေ ပမာဏဖြင့် ပေးအပ်ပြီး နှစ်ရှည်တောင်းဆိုမှုများကို ဆောင်ရွက်ပေးမည် မဟုတ်ပါ။
- **ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသနမရှိပါ-** Rising Together Grant ပရိုဂရမ်သည် သီးခြား IRB လိုအပ်ချက်များကြောင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသနကို ရန်ပုံငွေ ပေးမည် မဟုတ်ပါ။
- **ရန်ပုံငွေခေတ္တရပ်ခြင်း-** အမှုဆောင်ဒါရိုက်တာတစ်ဦး ထွက်သွားခြင်း၊ ငွေကြေးအခက်အခဲ သို့မဟုတ် အခြားအရာများ ကဲ့သို့သော ကြီးမားသော အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုကြောင့် ရန်ပုံငွေ ထောက်ပံ့မှုကို ယာယီ ရပ်ဆိုင်း နိုင်ပါသည်။
- **ယခင်ရန်ပုံငွေ ထောက်ပံ့ခြင်းများ-** ထောက်ပံ့သူများသည် ပြက္ခဒိန်တစ်နှစ်လျှင် Rising Together Grant တစ်ခုသာ ရရှိနိုင်သည်။ အကယ်၍ သင်သည် အခြား မဏ္ဍိုင်တစ်ခုတွင် ငြင်းဆိုခံရပါက၊ နောက်ပြက္ခဒိန်နှစ် မတိုင်ခင်အထိ အခြား တစ်ခုကို လျှောက်ထားနိုင်မည် မဟုတ်ပါ။
- **ဘာသာရေးဆိုင်ရာတောင်းဆိုမှုများ**- ရပ်ရွာဖောင်ဒေးရှင်းသည် ၎င်းတို့၏ အခြေပြုလူထု /ဝန်ဆောင်မှုခံယူသူများ ထံမှ ဘာသာရေးဆိုင်ရာ ပါဝင်မှုလိုအပ်သော အဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများကို ဘာသာရေး ယုံကြည်မှု ဆိုင်ရာ လက်မှတ်ရေးထိုးစေသော အဖွဲ့အစည်းများကို ထောက်ပံ့ပေးမည်မဟုတ်ပါ။ ကွန်မြူနတီ ဖောင်ဒေးရှင်းမှ ရန်ပုံငွေ ပေးမည့် ဘာသာရေးအဖွဲ့အစည်း အမျိုးအစားများ သို့မဟုတ် အစီအစဉ်များ အတွက် မေးတတ်သောမေးခွန်း FAQs များကို ကြည့်ပါ။

- **အစီရင်ခံခြင်း-** Rising Together Grant ထောက်ပံ့ကြေးများတွင် လောလောဆယ်တွင် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များ မရှိပါ။

• **ကန့်သတ်ချက်များ**- IRS စည်းမျဉ်းများ လိုအပ်ချက်အရ၊ ထောက်ပံ့ကြေးငွေများကို - (က) ပြည်တွင်းအခွန်များ ကျင့်ထုံး ဥပဒေပုဒ်မ 501(c)(3) အရ တားမြစ်ထားသည့် စည်းရုံး လှုပ်ရှားမှုများကို လုပ်ဆောင်ရန် (ခ) ပုဒ်မ 501(c)(3)အရ တားမြစ်ထားသော ပါတီနိုင်ငံရေး လှုပ်ရှားမှုများအတွက် (ဂ) ထောက်ပံ့ငွေသည် ပြည်တွင်းအခွန်များ ကျင့်ထုံးဥပဒေပုဒ်မ 4945(d)(3) သို့မဟုတ် (4) ကို လိုက်နာရ၍ အတည်ပြုပေးထားသည့် ကိစ္စ တရပ်ရပ်၏ တစိတ်တပိုင်း ဖြစ်ခြင်းမှလွဲ၍ တစုံတဦးကို ခရီးသွားလာရန်၊ လေ့လာသင်ယူရန် သို့မဟုတ် အခြား အလားတူ ရည်ရွယ်ချက်များအတွက် သို့မဟုတ် ထောက်ပံ့ငွေကို အခြားသော အဖွဲ့အစည်းများအတွက် ထပ်ဆင့် ထောက်ပံ့ကြေးပေးရန် (ဃ) ပြည်တွင်းအခွန်များ ကျင့်ထုံး ဥပဒေပုဒ်မ 170(c)(2)(B) တွင်ဖော်ပြထားသည့် ပရဟိတနှင့် ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များမှလွဲ၍ အခြား ရည်ရွယ်ချက် တစ်ခုခု အတွက် လုပ်ဆောင်ရန် စသည်တို့အတွက် သုံးစွဲခွင့် မရှိပါ။

# မေးလေ့မေးထရှိသော မေးခွန်းများ

## ၁. ဤဖောင်ဒေးရှင်းသည် ဘာသာရေးအဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ပါသလား?

[Type here]

ဖို့ဝိန်း အသိုက်အဝန်းသည် အမျိုးမျိုးသော ယုံကြည်ကိုးကွယ်ရာများ ရှိသည့် နေရာတခု ဖြစ်သည်။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကို ဝန်ဆောင်မှုပေးသည့် ဘာသာရေးယုံကြည်ခြင်း အခြေခံအဖွဲ့များစွာ ရှိသည်၊ အချို့မှာ ဝတ်ပြုရာ ကျောင်းတော်များတွင်ရှိပြီး အချို့မှာ သီးခြားနေရာများတွင် ရှိနေသည့်အတွက် ကျွန်ုပ်တို့ ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်း၏ ရည်ရွယ်ချက် အနေဖြင့် "အယ်လန်ကောင်တီရှိ လူအားလုံးကို ဝန်ဆောင်မှု ပေးရန်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တိကျသော လမ်းညွှန်ချက်များနှင့် ကိုက်ညီသည့် ယုံကြည်ခြင်းအခြေပြုအဖွဲ့များကို ရန်ပုံငွေထောက်ပံ့ ပါသည်။ ဤကွန်မြူနတီ ဖောင်ဒေးရှင်းသည် ဘာသာရေးဆိုင်ရာ ရည်ရွယ်ချက် များအတွက် ရန်ပုံငွေ ထောက်ပံ့ခြင်းကို ခွင့်ပြုသော်လည်း ဘာသာရေး ရည်ရွယ်ချက်များအတွက် ရန်ပုံငွေပံ့ပိုးပေးမည် မဟုတ်ပါ။ သင့်ထံမှ ဝန်ဆောင်မှုယူသူများ သို့မဟုတ် သင်ကူညီနေသူများထံမှ ဘာသာရေးဆိုင်ရာ ပူးပေါင်းပါဝင်မှု လိုအပ်ပါက သင့် အဖွဲ့အစည်းသည် ရန်ပုံငွေရရှိမည် မဟုတ်ပါ။

### အရည်အချင်းမီသော အစီအစဉ်များ၏ လက္ခဏာများ၊ သို့သော် ဤဖော်ပြထားသည်ထက်ပိုနိုင်သည်-

- ဝတ်ပြုရာဌာနတွင် တည်ရှိနေနိုင်သည်
- ဘာသာရေးဆိုင်ရာ အစီအစဉ်များနှင့် ဘာသာရေးနှင့်မဆိုင်သော အစီအစဉ်များကို ခွဲခြားထားသည်
- ဘာသာရေးနှင့် ဘာသာရေးမဟုတ်သော အစီအစဉ်များအတွက် တစ်ချိန်တည်းမဟုတ်ပါက အခန်းတစ်ခန်းတည်းကို အသုံးပြုနိုင်သည်
- ဘာသာရေးဆက်နွယ်မှုနှင့် မခွဲခြားဘဲ အားလုံးကိုလမ်းဖွင့်ပေးထားသည်
- အလွန်အကျူးကိုးကွယ်မှု၊ ညွှန်ကြားစေခိုင်းခြင်း၊သို့မဟုတ် ကိုးကွယ်ယုံကြည်မှုပြောင်းလဲရန် ဖိအားပေးခြင်း (လူသစ်စုဆောင်းခြင်း)တို့မှ ကြဉ်ရှောင်သည်
- ပါဝင်လုပ်ဆောင်သူများထံမှ ဘာသာရေး ယုံကြည်မှု ဖွင့်ဟ ထုတ်ပြန်ပေးရန် လိုအပ်မှု မရှိစေရပါ

### ယခင်က ငွေကြေးထောက်ပံ့ထားသော အစီအစဉ်များကို ဖော်ပြထားပါသည်-

- ဘုရားကျောင်းတစ်ခုမှ လုပ်ဆောင်သော အခမဲ့ အစားအစာများ ချက်ပြုတ်ဝေငှသည့်မီးဖိုချောင်
- ယုံကြည်ခြင်း အခြေပြုအဖွဲ့အစည်းတစ်ခုမှ လုပ်ဆောင်သော အိုးမဲ့အိမ်မဲ့မိသားစုများအတွက် ကြားကာလခေတ္တအိမ်ရာ
- ယုံကြည်ခြင်းအခြေပြု လူမှုဝန်ဆောင်မှုအေဂျင်စီ၏ လိုအပ်သောမိသားစုများအတွက် စီမံခန့်ခွဲမှု အကူအညီ
- ဘုရားကျောင်း အမျိုးမျိုးတွင် ရှိသော အရေးပေါ်အိမ်ရာ
- ယုံကြည်ခြင်းအခြေခံစမ္မအမှုတွင် အလုပ်လက်မဲ့များကို ဝန်ဆောင်မှုပေးသော အစားအသောက် အခမဲ့ပေးဝေရာဌာန

## ၂။ ကွန်မြူနတီဖောင်ဒေးရှင်းသည် ၎င်းတို့၏ဝန်ထမ်းများအား ယုံကြည်ခြင်းဆိုင်ရာထုတ်ပြန်ချက်များကို လက်မှတ်ရေးထိုးရန် လိုအပ်သောအဖွဲ့အစည်းများကို အဘယ်ကြောင့် ရန်ပုံငွေမပေးသနည်း?

Greater Fort Wayne ၏ ကွန်မြူနတီဖောင်ဒေးရှင်းသည် လူများအား ၎င်းတို့၏ ပရဟိတ လုပ်ငန်းများကို ပိုမို အကျိုးသက်ရောက်စေရန်၊ ထောက်ပံ့ကူညီမှုနှင့် ပညာရေးမှ တစ်ဆင့် အကျိုးအမြတ် မယူသောအဖွဲ့အစည်းများနှင့် အရင်းအမြစ်များကို ချိတ်ဆက်ပေးကာ ရပ်ရွာလိုအပ်ချက်များကို ဖြေရှင်းရန်အတွက် ခေါင်းဆောင်မှုပေးခြင်းဖြင့် ၎င်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုအားလုံးတွင် မတူကွဲပြားမှု များကို ရှာဖွေပြီး ကြိုဆိုပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းရည်ရွယ်ချက်၏ အကျိုးသက်ရောက်မှုကို အမြင့်ဆုံး မြှင့်တင်ရန်နှင့် အကောင်းဆုံး ဝန်ဆောင်နိုင်မှုအတွက် တစိုက်မတ်မတ် ကျိုးစားခြင်းကသာ အုပ်ချုပ်ရေးအဖွဲ့၊ လုပ်သားအင်အား၊ အလှူရှင်များ၊ ထောက်ပံ့သူများနှင့် မတူကွဲပြားသော နောက်ခံများ၊ ယုံကြည်ချက်များနှင့် ရှုထောင့်များပါဝင်သော ရပ်ရွာမိတ်ဖက်များနှင့် အကောင်းဆုံး လုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်မှုသည် ကျွန်ုပ်တို့၏အလုပ်အားလုံးတွင် ပဓါနကျသည်။ လူမျိုး၊ မျိုးနွယ်စု၊ လိင် စိတ်တိမ်းညွတ်မှု၊ ဘာသာရေး၊ ကျား၊ မ၊ ကျားမခွဲခြားမှု၊ လူမှုစီးပွားအဆင့်အတန်း၊ အသက်၊ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်း ဆိုင်ရာ စွမ်းရည်တို့အပါအဝင် စုံလင်ကွဲပြားမှုများကို ထူးခြားစေသည့် ကွဲပြားမှုအားလုံးဟု ကျွန်ုပ်တို့ အဓိပ္ပါယ်ဖွင့်ဆို ထားပါသည်။ ကျွန်ုပ်တို့နှင့် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုစီ၏ ထူးခြားသောလိုအပ်ချက်များကို ဂုဏ်ပြုကာ အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို သာတူညီမျှ ဝင်ရောက်ခွင့်ပေးခြင်းဖြင့် အတူတကွ ပါဝင်နိုင်စေရန် ကြိုးပမ်း ပါသည်။ ဤအချက်ကြောင့် ဝန်ထမ်းများထံမှ ဘာသာရေး ယုံကြည်ခြင်း ထုတ်ပြန်ချက် လိုအပ်ခြင်းသည် အချို့သော အတွေးအမြင် အယူအဆများကို ဖယ်ထုတ်ထားသကဲ့သို့ ဖြစ်စေပြီး ရပ်ရွာ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို တရားမျှတစွာ ဆောင်ရွက်ပေးနိုင်လိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်။

ကောင်းမွန်ပြီး ဂရုစိုက်တတ်သော အသိုက်အဝန်းကို ပံ့ပိုးပေးသည့် ထူးခြားသော လိုအပ်ချက်များနှင့် မတူကွဲပြားမှုများကို လေးစား ဂုဏ်ပြုပါသည်။ ဤကွန်မြူနတီ ဖောင်ဒေးရှင်းသည် မတူကွဲပြားသော ယဉ်ကျေးမှုများ၊ အတွေးအခေါ်များနှင့် အတွေ့အကြုံများ ရှိသည့် အုပ်စုများပါဝင်သည့် အပြောင်းအလဲများကို လွယ်ကူ ချောမွေ့စေရန်နှင့် ပံ့ပိုးပေးရန်အတွက် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြုသွားမည် ဖြစ်ကြောင်း ကတိပြုပါသည်။ လူတိုင်း ရှင်သန်ခွင့်ရှိသည့် အသိုက်အဝန်းသည် ရှုထောင့်ပေါင်းစုံမှ အသံတိုင်းကို ကြားပြီး အလေးထားမှု ရှိသည့်အခါမှသာ ဖြစ်ပေါ်လာနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပြီး ကျွန်ုပ်တို့၏ အိမ်နီးချင်းများအားလုံး စိုးရိမ်ကင်းစွာဖြင့် မိမိတို့ ဖြစ်ချင်သည်များကို အကောင်အထည် ဖော်နိုင်မည် ဖြစ်သည်

## ၃။ Rising Together Grants အတွက် ပြန်လည်သုံးသပ်ခြင်းနှင့် ရွေးချယ်ခြင်းလုပ်ငန်းစဉ်က ဘာလဲ?

ရပ်ရွာစေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ကျွန်ုပ်တို့၏ မဏ္ဍိုင်မဟာဗျူဟာမြောက် ထောက်ပံ့ကြေး ကော်မတီ ငါးခုအနက်မှ တစ်ခုသည် Rising Together Grant ညွှန်ကြားချက်များ အပိုင်းရှိ ရန်ပုံငွေ လျှောက်ထားခြင်းနှင့် အကဲဖြတ်ခြင်း ကဏ္ဍတွင် ပေးထားသည့် ရှုဘယ်ဇယား စည်းမျဉ်းများကို အသုံးပြု၍ လျှောက်ထား အဆိုပြုခြင်းများကို အကဲဖြတ်ပါသည်။

[Type here]

### ၄။ Rising Together Grant ရန်ပုံငွေရရှိရန် စာရင်းစစ်ခြင်း တစ်ခု လိုအပ်ပါသလား?

မလိုအပ်ပါ။

### ၅။ ပြက္ခဒိန်တစ်နှစ်လျှင် Rising Together Grant တစ်ခုထက်ပို၍ ကျွန်ုပ်တို့ ရရှိနိုင်ပါသလား?

မည်သူမျှ ပြက္ခဒိန်တစ်နှစ်လျှင် ကဏ္ဍတစ်ခုထက်ပို၍ လျှောက်ထားခွင့် မရှိပါ။ ပြက္ခဒိန်နှစ်တစ်ခုအတွင်း ကဏ္ဍတစ်ခုတွင် ငြင်းဆိုခံရပါက၊ နောက်ပြက္ခဒိန်နှစ် မတိုင်ခင်အထိ အခြားကဏ္ဍ တစ်ခုကို လျှောက်ထားနိုင်မည် မဟုတ်ပါ။

### ၆။ မှားယွင်းသော ကဏ္ဍကို ကျွန်ုပ်လျှောက်ထားမိပါက?

သင့်ရည်ရွယ်ချက်နှင့် အကောင်းဆုံးကိုက်ညီပုံမပေါ်သော မဏ္ဍိုင်တစ်ခုတွင် လျှောက်ထားမိပါက ပြဿနာမရှိပါ။ သင်၏ ထောက်ပံ့ကြေး လျှောက်လွှာ၏ ရလဒ်တွင်၊ ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးအဖွဲ့သည် နောက်နှစ်တွင် မတူညီသော မဏ္ဍိုင်တစ်ခုတွင် လျှောက်ထားရန် သင့်အား တိုက်တွန်းပါမည်။ မဏ္ဍိုင်အမှားကို လျှောက်ထားမိသည်ဟု ခံစားရပါက၊ နောက်ပြက္ခဒိန်နှစ်တွင် အခြားမဏ္ဍိုင်တစ်ခုသို့ လျှောက်ထားနိုင်ပါသည်။

### ၇။ အကယ်၍ ကျွန်ုပ်၏အဖွဲ့အစည်းသည် Rising Together Grant ကိုရရှိပါက၊ တူညီသောပြက္ခဒိန်နှစ်တွင် Community Foundation မှ အခြားထောက်ပံ့ကြေးများကို ကျွန်ုပ်တို့ရရှိနိုင်ပါသလား?

ရနိုင်ပါသည်! Rising Together Grants သည် လုပ်ငန်းလည်ပတ်မှု ထောက်ပံ့ကြေးများဖြစ်သည်။ ကျွန်ုပ်တို့၏ Agile, Engage သို့မဟုတ် Emergency Grants ထောက်ပံ့ကြေးများ လျှောက်ထားရန်လည်း သင်စဉ်းစားနိုင်ပါသည်။ Agile Grants များသည် ပရောဂျက်ကို ဦးတည်ပြီး စိတ်ဝင်စားမှု ဧရိယာအလိုက် သီးသန့်ဖြစ်သည်။ Engage Grants သည် ပထမအကြိမ် ထောက်ပံ့သူများအတွက် သို့မဟုတ် ပရောဂျက်အသစ်ကို ပံ့ပိုးပေးပါသည်။ ချက်ခြင်းအာရုံစိုက်ရန် တောင်းဆို နေသော ရုတ်တရက် မမျှော်လင့်ထားသော အဖြစ်အပျက် တစ်ခုကြောင့် အရေးပေါ် ရင်ဆိုင်နေရသော အဖွဲ့အစည်းများ အတွက် Emergency Grants ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

### ၈။ အကဲဖြတ်ရေးကော်မတီတွေကို ဘယ်သူက ဖွဲ့တာလဲ?

မတူညီသော မဟာဗျူဟာ ထောက်ပံ့ကြေးကော်မတီများကို အခြားသော အကျိုးအမြတ်မယူသော အဖွဲ့အစည်းများမှ ခေါင်းဆောင်များ အပါအဝင် ရပ်ရွာတစ်ဝှမ်းမှ စေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည်။ မဟာဗျူဟာ ထောက်ပံ့ကြေး ကော်မတီ တစ်ခုစီသည် ထောက်ပံ့ကြေးများကို အကဲဖြတ်ခြင်းမပြုမီ ကိုယ်ကျိုးစီးပွား ဆက်နွယ်မှု မရှိကြောင်း ထုတ်ဖော်ရန်အတွက် အကျိုးစီးပွား ပဋိပက္ခပုံစံ (conflict of interest )ကို လက်မှတ်ရေးထိုးရသည်။ ထောက်ပံ့ကြေး အကဲဖြတ်သူဖြစ်ရန် စိတ်ဝင်စားပါက၊ အောက်တွင် ဖော်ပြထားသော ဝန်ထမ်းတစ်ဦးထံ ဆက်သွယ်ပါ။

### ၉. ထောက်ပံ့ကြေးများအကြောင်း ကွန်မြူနတီဖောင်ဒေးရှင်းတွင် မည်သူနှင့် ဆွေးနွေးနိုင်မည်နည်း?

ဤကွန်မြူနတီဖောင်ဒေးရှင်းသည် အယ်လန်ကောင်တီတွင် နေထိုင်သူများအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးပေးရန် ရပ်ရွာခေါင်းဆောင်နှင့် ဆော်သြသူအဖြစ် ထမ်းဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့နှင့် ဝန်ထမ်းများအတွက် ကွန်မြူနတီ၏ လိုအပ်ချက်များ အကြောင်း ပိုမိုလေ့လာနိုင်မည့် အခွင့်အရေးများကို ကျွန်ုပ်တို့ကြိုဆိုပါသည်။ သင့်တွင် မေးလိုသည်များရှိပါက ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

[Type here]

# ဆက်သွယ်ရန်

သင့်အနေဖြင့် လျှောက်ထားခြင်းဖြစ်စဉ်အပေါ် မေးခွန်းများ ရံဖန်ရံခါ ပေါ်လာနိုင်သည်။ ထိုမေးခွန်းများကို အောက်ပါ ဆက်သွယ်ရမည့် သူများသို့ တိုက်ရိုက်ပေးပို့ပါ။
ကွန်မြူနတီ ဖောင်ဒေးရှင်းသည် တနင်္လာနေ့မှ သောကြာနေ့အထိ မနက် ၈:၀၀ နာရီမှ မွန်းလွဲ ၄:၃၀ နာရီအထိ ရှိပါသည်၊ သို့သော် ထောက်ပံ့ကြေးဆိုင်ရာ အဖွဲ့ဝင်အများစုသည် သောကြာနေ့ မွန်းလွဲ နောက်ပိုင်းတွင် ရှိကြမည်မဟုတ်ဘဲ မေးမြန်းမှုများကို လာမည့်အပတ်တွင် တုံ့ပြန်ပေးမည် ဖြစ်သည်။

ဆက်သွယ်နိုင်မည့်သူများ-

Stephanie Carlson Plimpton, Senior Impact Advisor, scarlson@cfgfw.org
Angela Stanley, Director of Impact, astanley@cfgfw.org
Alison Gerardot, Chief Impact Officer, agerardot@cfgfw.org

| | |
|---|---|
| လိပ်စာ: | 555 E Wayne St<br>Fort Wayne, IN 46802 |
| ရုံးဖုန်းနံပါတ်: | 260-426-4083 |
| အင်တာနက်စာမျက်နှာ: | www.cfgfw.org |

[Type here]